CENTRAL COMMITTEE

**KACHIN INDEPENDENCE ORGANIZATION**

## ကျောင်းသားထုအား အကြမ်းဖက် ရိုက်နှက်ဖမ်းဆီးခြင်း နှင့်ပါတ်သက်၍ သဘောထားထုတ်ပြန်ချက်

၁။ မှန်ကန်သောပညာရေးစနစ် ပေါ်ထွန်းလာရေးအတွက် အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ပေးရန် ကြိုးပမ်းနေသော ကျောင်းသားထုအား ၂၀၁၅ ခုနှစ် မတ်လ (၁၀) ရက်နေ့ တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က အင်အားသုံးကာ ရုပ်ပျက်ဆင်းပျက် အကြမ်းဖက် ရိုက်နှက်ဖမ်းဆီးဖြိုခွဲခြင်း လုပ်ရပ်ကို ပြင်းထန်စွာ ကန့်ကွက်ပါသည်။

၂။ စစ်မှန်သောပြည်ထောင်စုစနစ်အတွက် လျော်ကန်သည့် ပညာရေးဥပဒေ ပေါ်ထွက်လာစေရန် ကိုယ်ကျိုးစွန့် ပင်ပန်းဆင်းရဲခံ၊ အနှစ်နာခံကာ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ပေးသော ကျောင်းသားထုအား လေးစားအသိအမှတ်ပြုပါသည်။

၃။ အာဏာရ မြန်မာနိုင်ငံအစိုးရသည် ဖြစ်ပျက်နေသော ပြဿနာပေါင်းစုံကို နှစ်ဦးနှစ်ဖက် အပြန်အလှန် တန်ဖိုးထား ညှိနှိုင်းအဖြေရှာ ဖြေရှင်းရေးလမ်းကြောင်းကို ငြင်းဆန်ဖျက်ကွယ်ပြုပြီး အင်အားသုံး အကြမ်းဖက် နှိမ်နင်းခြင်းအားဖြင့် ပြည်တွင်းမငြိမ်မသက်မှု ပိုမိုကျယ်ပြန့်လာစေရန် ဖန်တီးလုပ်ဆောင်လျက်ရှိသည်ဟု သုံးသပ်ရပါသည်။

၄။ အနာဂါတ် ပြည်ထောင်စု အကျိုးကို မျှော်ကိုး၍ ဒီမိုကရေစီ အခြေခံ စံနှုန်းနှင့်ကိုက်ညီပြီး တိုင်းရင်းသား ဒေသများ၏ ပညာရေးအဆင့်ကို မြှင့်တင်ပေးနိုင်သော ပညာရေးမူဝါဒတစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် အာဏာရအစိုးရအဖွဲ့က ဂုဏ်သိက္ခာရှိရှိ တာဝန်ယူဆောင်ရွက်ပေးရန် တိုက်တွန်းလိုက်သည်။

ဗဟိုကော်မတီ

၂၀၁၅ ခုနှစ် မတ်လ (၁၁) ရက်

KIO